C B BANK

CB BANK PCL

No. (46), Union Financial Center (Tower A, B, C), Corner of Mahar Bandoola Road & Thein Phyu Road, Botahtaung Township, Yangon, 11161 Myanmar.

Tel: (95-1) 231 7999 Fax: (95-1) 231 7979 Call Center : (95-1) 231 7770
Email: contact@cbbank.com.mm Website: www.cbbank.com.mm

# Terms and Conditions for "သင်၏ EV ကား အိပ်မက်ဆီသို့"

ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များသည်

**"သင်၏ EV ကား အိပ်မက်ဆီသို့"** အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ဖြစ်ပါသည်။ ဤစည်းကမ်းသတ်မှတ်ချက်များသည် သင်နှင့် CB Bank အကြားရှိ သဘောတူညီချက်တစ်ရပ်ဖြစ်ပြီး ပါဝင်ကံစမ်းခြင်းသည် ဖော်ပြပါစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဟု သဘောတူညီခြင်းပင်ဖြစ်သည်။

## (က) အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ "100 Days Fixed Deposit" ဆိုသည်မှာ ငွေသားဖြင့် ရက် (၁၀၀) စာရင်းသေအပ်ငွေကို ရည်ညွှန်းပါသည်။

၂။ "သင်/ Customer" ဆိုသည်မှာ CB Bank ၏ ဝန်ဆောင်မှု တစ်မျိုးမျိုးကို အသုံးပြုနေသူများကို ရည်ညွှန်းပါသည်။

၃။ "ဘဏ်/ ကျွန်ုပ်တို့/ CB Bank" ဆိုသည်မှာ CB Bank PCL ကို ရည်ညွှန်းပါသည်။

၄။ **"သင်၏ EV ကား အိပ်မက်ဆီသို့"** သည် CB Bank မှ ကံထူးရှင်ရွေးချယ်၍ လက်ဆောင်ပေးအပ်သွားမည့် အစီအစဉ်ကို ရည်ညွှန်းပါသည်။

၅။ "သတ်မှတ်ထားသော ကာလ/ Campaign Period" ဆိုသည်မှာ ကံထူးရှင်ရွေးချယ်မည့် အစီအစဉ်များတွင် Customer များ ပါဝင်ဆင်နွှဲနိုင်မည့် ကာလအပိုင်းအခြားကို ရည်ညွှန်းပါသည်။

၆။ "ကံစမ်းခွင့်/ ကံစမ်းခွင့်လက်မှတ်" ဆိုသည်မှာ ဘဏ်မှ ပေးအပ်သွားမည့် ဆုများ ကံစမ်းခွင့်လက်မှတ် Certificate ကို ရည်ညွှန်းပါသည်။

## (ခ) Campaign အစီအစဉ်များ

၁။ "သင်၏ EV ကား အိပ်မက်ဆီသို့" အစီအစဉ်သည် ဘဏ်တွင် "100 Days Fixed Deposit" အနည်းဆုံး ကျပ်သိန်း ၁၀၀ ကို အနည်းဆုံး ရက် (၁၀၀) လာရောက်အပ်နှံသူများအား ဘဏ်မှပေးအပ်သွားမည့် ဆုလက်ဆောင်များကို ကံစမ်းခွင့်ဖြစ်သည်။

No. (46), Union Financial Center (Tower A, B, C), Corner of Mahar Bandoola Road & Thein Phyu Road, Botahtaung Township, Yangon, 11161 Myanmar.
Tel: (95-1) 231 7999 Fax: (95-1) 231 7979 Call Center : (95-1) 231 7770
Email: contact@cbbank.com.mm Website: www.cbbank.com.mm

**(ဂ) ဆုလက်ဆောင်များ**

- NETA aya EV - တစ်စီး
- Indonesia Bali Trip (Couple Package) - တစ်ဆု
- ရွှေတစ်ကျပ်သား - (၅) ဆု
- iPhone16 (265GB) - (၃) လုံး

**(ဃ) "သင်၏ EV ကား အိပ်မက်ဆီသို့" အစီအစဉ်**

၁။ သတ်မှတ်ထားသောကာလမှာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ မှ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိဖြစ်ပြီး ဘဏ်မှပေးအပ်သွားမည့် ဆုလက်ဆောင်များကို ကံစမ်းခွင့်လက်မှတ် ရရှိမည်ဖြစ်သည်။

၂။ CB Bank တွင် 100 Days Fixed Deposit အနည်းဆုံး ကျပ်သိန်း ၁၀၀ ကို ရက် (၁၀၀) လာရောက်အပ်နှံပါက ကံစမ်းခွင့်လက်မှတ် ရရှိမည်ဖြစ်သည်။ ရက် (၁၀၀) မပြည့်မီ ပြန်လည်ထုတ်ယူပါက ကံစမ်းခွင့်အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်သည်။

၃။ အများဆုံး ပမာဏ အကန့်အသတ်မရှိ Deposit ထားရှိနိုင်မည်ဖြစ်ပြီး ကျပ်သိန်း ၁၀၀ လျှင် ကံစမ်းခွင့်လက်မှတ် ၁ စောင်နှုန်းရရှိပါမည်။ ကျပ်သိန်း ၁,၀၀၀ လျှင် ကံစမ်းခွင့်လက်မှတ် ၁၀ စောင် ရရှိမည်ဖြစ်ပါသည်။

၄။ ကံစမ်းခွင့်လက်မှတ်များကို ဘဏ်ဖွင့်ရက် ၁၀ ရက်အတွင်း Email (သို့မဟုတ်) SMS ဖြင့် ပေးပို့သွားမည်ဖြစ်သည်။

၅။ ကံစမ်းခွင့် (သို့မဟုတ်) ဆုလက်ဆောင်အား ငွေသားဖြင့် လဲလှယ်ပေးမည် မဟုတ်ပါ။

၆။ ကံစမ်းခွင့်ကို အခြားသူထံသို့ လွှဲပြောင်းပေးအပ်၍မရပါ။

၇။ ကံထူးသူကို ဘဏ်မှ Email (သို့မဟုတ်) ဖုန်းခေါ်ဆို၍ ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

No. (46), Union Financial Center (Tower A, B, C), Corner of Mahar Bandoola Road & Thein Phyu Road, Botahtaung Township, Yangon, 11161 Myanmar.
Tel: (95-1) 231 7999 Fax: (95-1) 231 7979 Call Center : (95-1) 231 7770
Email: contact@cbbank.com.mm Website: www.cbbank.com.mm

၈။ ဆုလာရောက်ထုတ်ယူရာတွင် ဘဏ်ဖွင့်ရက် ၁၀ ရက်အတွင်း လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ဘဏ်မှ ပေးပို့ထားသော ကံစမ်းခွင့်လက်မှတ်မူရင်းနှင့် မှတ်ပုံတင်မူရင်းအပါအဝင် မိမိ၏ CB Bank Account အား ပြသရပါမည်။

၉။ ကံစမ်းခွင့်၊ Campaign ၊ ဆုလက်ဆောင်များနှင့်ပတ်သက်၍ အငြင်းပွားဖွယ် တစ်စုံတစ်ရာဖြစ်ပေါ်ပါက CB Bank ၏ ဆုံးဖြတ်ချက်သာလျှင် အတည်ဖြစ်ပါသည်။

၁၀။ CB Bank သည် လိုအပ်ချက်ရှိလာပါက ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ စည်းမျဉ်းစည်းကမ်းများအား အလျဉ်းသင့်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းများ ပြုလုပ်ပိုင်ခွင့်ရှိပါသည်။

**(င) အထွေထွေ စည်းကမ်းချက်များ**

၁။ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိသူများကိုသာ ထည့်သွင်းစဉ်းစားပြီး ကံစမ်းခွင့်လက်မှတ်များ ပေးအပ်သွားမည်ဖြစ်သည်။

၂။ Customer ၏ ပေါ့ဆမှုကြောင့် ကံစမ်းခွင့်လက်မှတ်(များ) ဆုံးရှုံးမှု၊ ပျက်စီးမှုနှင့် ပျောက်ဆုံးမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ဘဏ်အနေဖြင့် မည်သည့်တာဝန်မျှရှိမည် မဟုတ်ပါ။

၃။ Customer များအနေဖြင့် မိမိတို့၏ ကိုယ်ရေးအချက်အလက်များကို CB Bank နှင့် CB Bank က ခန့်အပ်တာဝန်ပေးအပ်ထားသူများမှ လိုအပ်သည့် အတိုင်းအတာတစ်ခုအထိ (Third Party ထံသို့ ထုတ်ဖော်ပြောကြားမှုများ အပါအဝင်) အသုံးပြုနိုင်ရန် ခြွင်းချက်မရှိ အပ်နှင်းသဘောတူညီပါသည်။

၄။ Customer များသည် ဆုလက်ဆောင်များရယူနိုင်ရန် အသက် ၁၈ နှစ်နှင့် အထက် ဖြစ်ရပါမည်။

၅။ CB Bank သည် လိုအပ်ချက်ရှိလာပါက ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ စည်းမျဉ်းစည်းကမ်းများအား အလျဉ်းသင့်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းများနှင့် အစီအစဉ်များ ရပ်ဆိုင်းခြင်းများ ပြုလုပ်ပိုင်ခွင့် ရှိပါသည်။

၆။ CB Bank ဝန်ထမ်းများအနေဖြင့် ယခု Campaign တွင် ပါဝင်ခွင့်မရှိပါ။